# MAXTECH ENGINEERING CO., LTD.

No.28, Shwe Oakgu 4th St, No.8
Ward, Kamakyi Housing, Thaketa
Township, Yangon, Myanmar.
Ph. 09 43 157021, 09 73 115432.
email : maxtech.mm@gmail.com,
maxtech@maxtechmyanmar.com

## INVOICE

Ref : INV_010824

Attn : General Manager
Winning Way Co., Ltd.

From : Maxtech Engineering Co., Ltd.

Date : 14th Aug 2024

Subject : Installation price for 105kW on grid solar rooftop plant for Tiger plastic factory, Hlaing Tharyar.

Dear Sir,

The first payment (50% of total payment MMK16,929,500.00) of solar installation price Tiger plastic factory's rooftop, Hlaing Tharyar industrial zone will be 8,464,750.00MMK (MMK: Eight million four hundred sixty-four thousand seven hundred fifty Only).

Thank and Best regards,

Ye Nyunt (MD )
Maxtech Engineering Co., Ltd.

CamScanner

UMG

# CASH ADVANCE REQUEST FORM

Date : 9/08/2024
BU/BR/Division : Renewable Energy BU
Department : Project Implementation
Advance Issue : 43,102,840 kyats/...............USD
Budget include (or) Not :

Yes ☐ Budgeted Title and Amount : Installation & Materials Cost
No ☐ Reasons for :

**Required For:**
**Advance request of Installation and Materials Cost for Tiger Plastice On-Grid Solar System Installation - 43,102,840**

မှတ်ချက်။
(၁) ကြိုတင်ငွေများကို သာမန်အားဖြင့် ထုတ်ယူသည့်နေ့မှ (၁၀) ရက်အတွင်း ပြန်လည် စာရင်းရှင်းရမည်။
(Advance must be cleared within 10 days from issue date)
(၂) အဆင့်ဆင့်သက်ဆိုင်ရာတာဝန်ရှိလူကြီးမင်းများအားလုံး သေချာစွာစုံစမ်း၊စစ်ဆေး၊တွက်ချက်ပြီးထားသော ငွေပမာဏဖြစ်ရပါမည်။
(The amount requested must be properly calculated, checked and verified by respective authorized person)
(၃) ထုတ်ယူငွေနှင့် ပတ်သက်၍ အမှားအယွင်း၊ လိမ်လည်မှု နှင့် အလွဲသုံးစားမှု တစ်စုံတစ်ရာ ရှိခဲ့ပါက၊ သက်ဆိုင်ရာ၊ တာဝန်ရှိစစ်ဆေးအတည်ပြုသူက အပြည့် အဝ ပြန်လည်ရရှိအောင် တာဝန်ယူ ဆောင်ရွက်ပေးရမည်
(If there is errors, frauds or misappropriation, the authorized person must take full responsibility to recover the loss)

| Request By | Checked By | Checked By | Approved By | Approved By |
|---|---|---|---|---|
| (signature) | Telegram Approve | (signature) | (signature) 9/8 | (signature) 10/8/2024 |
| Nann Oo | Kaung Myat Kyaw | Nway Nway | Phyo Thu | ................ |
| Requester | Mgr/DH | Finance & Account | GM/AGM/COO | CMC/CEO/Chairwoman |

04-CFD-CAS-FRM-001-03

Check
12/8/24

CamScanner

winning Way

UMG

# Estimate Material list 100KW On Grid Solar System Installation( Tiger Plastic)

| Sr | Description | Size | Qty | Unit | Rate (MMK) | Rate | Remark |
|---|---|---|---|---|---|---|---|
| 1 | Installation Charges | 105KW | 1 | Lot | 16,929,500 | 16,929,500 | Get (3) Quotations |
| 2 | Inverter Stand & DB with Materials | | 1 | Set | 6,650,000 | 6,650,000 | |
| 3 | CU/XLPE/PVC Cable (AC) | 70 mm2 | 60 | meter | 57,078 | 3,424,680 | Get (2) Quotations<br>Dollor Rate မူတည်၍<br>ဈေးနှုန်းအပြောင်းအလဲ ရှိနိုင်ပါသည်။ |
| 4 | Cu/PVC Cable (G/Y Earth cable) | 16mm2 | 150 | meter | 15,282 | 2,292,300 | |
| 5 | Metal Truncking (1.0mm thickness) | 100*75mm | 110 | pcs | 78,910 | 8,680,100 | Dollor Rate မူတည်၍<br>ဈေးနှုန်းအပြောင်းအလဲ ရှိနိုင်ပါသည်။ |
| 6 | Cable Lug | 70 mm2 | 10 | pcs | 8,100 | 81,000 | ကုန်မာ ဆိုင်များနှင့်<br>ဆောက်လုပ်ရေးသုံးပစ္စည်းဆိုင်များမှ<br>ဝယ်ရမည့်<br>ပစ္စည်းများဖြစ်ပါသည်။၄င်း<br>ဆိုင်လိပ်စာများမှာ၊<br>စော်ဘွားကြီးကုန်း ၊တောင်ဒဂုံ၊<br>ဘုရင့်နောင်။ (1-8-24 မှ 9-8-24 )<br>ရက်ထိ စုံစမ်းထားသော<br>ဈေးနှုန်းများဖြစ်ပါသည် ။<br>ဈေးနှုန်းအပြောင်းအလဲ ရှိနိုင်ပါသည်။ |
| 7 | Cable Lug | 16mm2 | 16 | pcs | 2,010 | 32,160 | |
| 8 | Cable Endcup (R,Y,B,N) | 70 mm2 | 10 | pcs | 1,300 | 13,000 | |
| 9 | Cable Ties (Black) | - | 10 | bag | 8,500 | 85,000 | |
| 10 | Cable Gland | No.29/No.21 | 30 | pcs | 2,800 | 84,000 | |
| 11 | Pipe accessories (El bow, Socker, etc...) | - | 1 | lot | 100,000 | 100,000 | |
| 12 | Silicon | - | 10 | Can | 20,000 | 200,000 | |
| 13 | PU Foam | - | 2 | Can | 20,000 | 40,000 | |
| 14 | Earth rod | - | 6 | pcs | 35,000 | 210,000 | |
| 15 | Copper bare cable | no.-6 | 5 | lb | 29,800 | 149,000 | |
| 16 | MC4 | std | 30 | pair | 4,200 | 126,000 | |
| 17 | Conduct pipe | 25 | 3 | pcs | 5,200 | 15,600 | |
| 18 | L-Feet | - | 351 | pcs | 4,500 | 1,579,500 | |
| 19 | Rail splice | - | 36 | pcs | 7,000 | 252,000 | |
| 20 | Compound tape | - | 3 | pcs | 29,000 | 87,000 | |
| 21 | Wire tape (R,Y,B,N) | - | 8 | pcs | 2,500 | 20,000 | |
| 22 | SPD(DC) | 40KA | 24 | pcs | 38,000 | 912,000 | |
| 23 | Angle iron | 1 1/2" | 20 | pcs | 32,000 | 640,000 | |
| 24 | General Accessories | - | - | - | - | 500,000 | |
| | **Total** | | | | | **43,102,840** | |

Telegram Approve

| Request by DH | Approve by AGM (RE BU) | Approved By ACOO | Approved By COO/NCM | Approved By MD Office |
|---|---|---|---|---|
| | 9/8 | 13/8/24 | 16/08/2024 | |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
REPUBLIC OF THE UNION OF MYANMAR
အခွန်တံဆိပ်ခေါင်း
REVENUE STAMP
၂၅၀ ကျပ်    K 250

## "လုပ်ငန်းအပ်နှံခြင်းဆိုင်ရာ နှစ်ဖက်သဘောတူကတိစာချုပ်"

နေ့စွဲ ။ ။၂၀၂၄ ခုနှစ်၊ ဩဂုတ် လ( ၁၆ )ရက်

-------------------------------- မြို့နယ်။

လုပ်ငန်းအပ်နှံသူ ။ ။ Winning Way Co., Ltd (UMG Group of Companies) (ကိုယ်စား)
(ပထမတစ်ဖက်) ဦးဇော်မင်းမြတ်(၁၂/မရက(နိုင်)၁၁၄၄၁၁)
အမှတ်(၅၈၉)၊ ဗိုလ်အောင်ကျော်လမ်း၊ ရန်ကုန်-ပုသိမ်အဝေးပြေးလမ်းမကြီး၊
စက်မှုဇုန်(၄)၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

16 8/24

နှင့်

လုပ်ငန်းလက်ခံဆောင်ရွက်သူ ။ ။ Maxtech Engineering Co., Ltd. (ကိုယ်စား)
(ဒုတိယတစ်ဖက်) ဦးရဲညွှန့်(၁၂/သကတ(နိုင်)၀၇၉၄၅၄)၊ Managing Director
အမှတ်(၁၀၀၅)၊ အောင်သပြေ(၁၃)လမ်း၊ (၇)ရပ်ကွက်၊
သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၅၀၂၉၇၄၁။

(အထက်အမည်ပါ လုပ်ငန်းအပ်နှံသူ(ပထမတစ်ဖက်) Winning Way Co., Ltd (UMG Group of Companies)နှင့် လုပ်ငန်းလက်ခံဆောင်ရွက်သူ(ဒုတိယတစ်ဖက်) Maxtech Engineering Co., Ltd. ဟုဆိုရာတွင် ၎င်းတို့၏ ကုမ္ပဏီများနှင့်တကွ ဒါရိုက်တာအဖွဲ့ဝင်များ၊ ဒါရိုက်တာအဖွဲ့၏ အစည်းအဝေးဆုံးဖြတ်ချက်အရ တာဝန်ပေးအပ်ခြင်းခံရသူများ၊ ကိုယ်စားလှယ်များ၊ လွှဲအပ်ခြင်းခံရသူများပါ အကျုံးဝင်ကြောင်း နားလည်သဘောပေါက်ကြပါသည်။)

၁။ <u>အပ်နှံသည့်လုပ်ငန်း</u>

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ စက်မှုဇုန်(၅)၊ လှိုင်သာယာမြို့နယ်၊ ဒုဋ္ဌဝတီလမ်း၊ အမှတ်(၂၈၃/၂၈၄/၂၈၅)ရှိ သတ်မှတ်ထားသောနေရာတွင် လုပ်ငန်းအပ်နှံသူဘက်မှ စိုက်ထုတ်ကုန်ကျခံသည့် ပူးတွဲပါ Installation price for 105KW on grid solar rooftop plant for Tiger plastic, Hlaing Tharyar တွင် ဖော်ပြထားသည့် အရည်အသွေးစံချိန်စံညွှန်းနှင့်ကိုက်ညီသည့်ပစ္စည်းများကို အသုံးပြု၍ 105KW On Grid Solar System တပ်ဆင်ခြင်းကို စံချိန်စံညွှန်းများနှင့်အညီ စနစ်တကျတပ်ဆင်ပေးရန်အတွက် လုပ်ငန်းအပ်နှံခြင်းဖြစ်ပါသည်။

၂။ <u>လုပ်ငန်းတန်ဖိုး</u>

အထက်အပိုဒ်(၁)ပါလုပ်ငန်းအတွက် လုပ်ငန်းအပ်နှံသူနှင့် လုပ်ငန်းလက်ခံဆောင်ရွက်သူတို့ နှစ်ဖက်ညှိနှိုင်းသဘောတူသတ်မှတ်သည့် လုပ်အားခ ကျသင့်ငွေစုစုပေါင်းမှာ ငွေကျပ်-၁၆,၉၂၉,၅၀၀/- (ကျပ်တစ်ရာခြောက်ဆယ့်ကိုးသိန်းနှစ်သောင်းကိုးထောင့်ငါးရာတိတိ)ဖြင့် လုပ်ငန်းအပ်နှံခြင်းဖြစ်ပါသည်။

၃။ <u>လုပ်ငန်းကာလ</u>

လုပ်ငန်းအားလုံးအား (  -  -၂၀၂၄)ရက်နေ့မှ (  -  -၂၀၂၄)ရက်နေ့အထိ စုစုပေါင်းကြာချိန် (၃၀)ရက်အတွင်း အထက်အပိုဒ်(၁)ပါလုပ်ငန်းကို နှစ်ဖက်သဘောတူသတ်မှတ်ထားသည့်စည်းကမ်းချက်များအတိုင်း ပြီးစီးအောင်ဆောင်ရွက်၍ လုပ်ငန်းလက်ခံဆောင်ရွက်သူဘက်မှ လုပ်ငန်းအပ်နှံသူသို့ အားလုံးလက်ရောက်လွှဲအပ်ပေးသည်အထိ အပြီးဆောင်ရွက်ပေးရန် နှစ်ဖက်သဘောတူညီကြပါသည်။

စာမျက်နှာ - ၂ - သို့






၄။ <u>ငွေပေးချေမှုစနစ်</u>

(က) ပထမအရစ်အဖြစ် ယနေ့စာချုပ်ချုပ်ဆိုသည့်(    -    -၂၀၂၄)ရက်နေ့တွင် လုပ်ငန်းတန်ဖိုး၏ (၅၀%)နှင့်ညီမျှသော ငွေကျပ်-၈,၄၆၄,၇၅၀/- (ကျပ်ရှစ်ဆယ့်လေးသိန်းခြောက်သောင်းလေးထောင်ခုနှစ်ရာ့ငါးဆယ်တိတိ)ကို လုပ်ငန်းအပ်နှံသူမှ လုပ်ငန်းလက်ခံဆောင်ရွက်သူသို့ ပေးချေရာ အဆိုပါငွေများကို လုပ်ငန်းလက်ခံဆောင်ရွက်သူမှ အပြည့်အဝလက်ခံရရှိကြောင်း ဤစာချုပ်အားဖြင့် ထုတ်ဖော်ဝန်ခံပါသည်။

(ခ) လုပ်ငန်း ၁၀၀% ပြီးစီး၍ လုပ်ငန်းအားလုံးကို လုပ်ငန်းလက်ခံဆောင်ရွက်သူမှ လုပ်ငန်းအပ်နှံသူသို့ လက်ရောက်အပ်နှံ၍ လုပ်ငန်းအပ်နှံသူမှ စစ်ဆေးလက်ခံအတည်ပြုလက်ခံပြီးသည့်နေ့ရက်တွင် ကျန်ငွေ (၅၀%)ဖြစ်သော ငွေကျပ်-၈,၄၆၄,၇၅၀/- (ကျပ်ရှစ်ဆယ့်လေးသိန်းခြောက်သောင်းလေးထောင်ခုနှစ်ရာ့ငါးဆယ်တိတိ)ကို ပေးချေရန် နှစ်ဖက်သဘောတူညီကြပါသည်။

၅။ လုပ်ငန်းအပ်နှံသူနှင့် လုပ်ငန်းလက်ခံဆောင်ရွက်သူတို့သည် အထက်အပိုဒ်(၁)ပါလုပ်ငန်းကို အောက်ဖော်ပြပါစည်းကမ်းချက်များနှင့်အညီဆောင်ရွက်ရန် နှစ်ဖက်သဘောတူညီကြပါသည်။

(၅-က) လုပ်ငန်းလက်ခံဆောင်ရွက်သူသည် အပ်နှံထားသည့် အထက်အပိုဒ်(၁)ပါလုပ်ငန်းကို ပူးတွဲပါ Installation price for 105KW on grid solar rooftop plant for Tiger plastic, Hlaing Tharyar တွင် ဖော်ပြထားသည့် အရည်အသွေး စံချိန်စံညွှန်းနှင့်ကိုက်ညီသည့်ပစ္စည်းများကို အသုံးပြု၍ 105KW On Grid Solar System တပ်ဆင်ခြင်းကို အဆင်ပြေချောမွေ့စွာ ပြီးစီးစေရန်အတွက် သက်ဆိုင်ရာကျွမ်းကျင်သူများနှင့် ပူးပေါင်းညှိနှိုင်း ဆောင်ရွက်ရမည်။ အဆိုပါလက်ခံထားသော လုပ်ငန်းစဉ်များအားလုံးကို သတ်မှတ်ထားသော စံချိန်စံညွှန်းနှင့် အညီ (လက်ရာ)များကို တိကျစွာ ပြုလုပ်ဆောင်ရွက်ပေး၍ လုပ်ငန်းအပ်နှံသူ ကျေနပ်မှုရှိအောင် လုပ်ငန်းလက်ခံဆောင်ရွက်သူမှ ဆောင်ရွက်ပေးပါမည်ဟု ဝန်ခံကတိပြုပါသည်။ နှစ်ဖက်သဘောတူ သတ်မှတ်ထားသည်တို့နှင့် ကွဲလွဲဆောင်ရွက်မှုများရှိပါက သတ်မှတ်ထားသည့်အတိုင်း လုပ်ငန်းအပ်နှံသူကျေနပ်သည်အထိ လုပ်ငန်းလက်ခံဆောင်ရွက်သူမှ အပြည့်အဝတာဝန်ယူဆောင်ရွက်ပေးရမည်။

(၅-ခ) လုပ်ငန်းလက်ခံဆောင်ရွက်သူသည် လုပ်ငန်းအပ်နှံသူ၏ အင်ဂျင်နီယာများနှင့် တာဝန်ရှိသူများ၏ စီစဉ်ညွှန်ကြားမှုကို လိုက်နာဆောင်ရွက်ရန်နှင့် သတ်မှတ်ထားသည့်အဆင့်အနေအထားရောက်ရှိတိုင်း လုပ်ငန်းအပ်နှံသူ၏ အင်ဂျင်နီယာများ၊ တာဝန်ရှိသူများနှင့် သက်ဆိုင်ရာ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန (လျှပ်စစ်စစ်ဆေးရေး)မှ အင်ဂျင်နီယာများ၊ တာဝန်ရှိသူများ၏ စစ်ဆေးမှုများကို ခံယူနိုင်ရမည်ဖြစ်ပြီး၊ တပ်ဆင်ထားသည့် ပစ္စည်းများတွင် စံချိန်စံညွှန်းများနှင့် မကိုက်ညီမှုများ တွေ့ရှိပါက နှစ်ဖက်သဘောတူသတ်မှတ်ထားသည့်အတိုင်း စံချိန်စံညွှန်းများနှင့်အညီ စနစ်တကျတပ်ဆင်ပေးပါမည်ဟု လုပ်ငန်းလက်ခံဆောင်ရွက်သူမှ ဝန်ခံကတိပြုပါသည်။ သက်ဆိုင်ရာ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန (လျှပ်စစ်စစ်ဆေးရေး)မှ အင်ဂျင်နီယာများ၊ တာဝန်ရှိသူများမှ စစ်ဆေးအတည်ပြုလက်ခံပြီးမှသာ လုပ်ငန်းအဆင့်ဆင့်ကို ဆက်လက်ဆောင်ရွက်ရန် လုပ်ငန်းလက်ခံဆောင်ရွက်သူမှ သဘောတူညီပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
REPUBLIC OF THE UNION OF MYANMAR
အခွန်တံဆိပ်ခေါင်း
REVENUE STAMP
၁၀၀ ကျပ် ငွေတစ်ရာကျပ် K 100



(၅-ဂ) လုပ်ငန်းလက်ခံဆောင်ရွက်သူသည် မိမိလက်ခံဆောင်ရွက်သည့် အထက်အပိုဒ်(၁)ပါလုပ်ငန်းများကို အခြားသူတစ်ဦးဦးကိုဖြစ်စေ၊ ကန်ထရိုက်တာတစ်ဦးဦးကိုဖြစ်စေ၊ ကုမ္ပဏီတစ်ခုခုကိုဖြစ်စေ၊ အဖွဲ့အစည်းအသင်းအဖွဲ့တစ်ခုခုကိုဖြစ်စေ လုပ်ငန်းအပ်နှံသူ၏ တရားဝင်စာဖြင့် သဘောတူခွင့်ပြုချက်မရရှိဘဲ ထပ်ဆင့်လွှဲပြောင်းဆောင်ရွက်စေခြင်းမပြုလုပ်ရပါ။

(၅-ဃ) လုပ်ငန်းလက်ခံဆောင်ရွက်သူသည် အထက်အပိုဒ်(၁)ပါလုပ်ငန်းများအားလုံးကို စံချိန်စံညွှန်းများနှင့်အညီ ပြီးစီးအောင် တပ်ဆင်ဆောင်ရွက်၍ နှစ်ဖက်သဘောတူသတ်မှတ်ထားသည့် (    -    -၂၀၂၄)ရက်နေ့တွင် လုပ်ငန်းအပ်နှံသူသို့ လက်ရောက်အပ်နှံရမည်။

(၅-င) အကယ်၍ အပ်နှံသည့်လုပ်ငန်းမှာ သတ်မှတ်ကာလအတွင်း ပြီးစီးသည့်အနေအထားတွင်မရှိပါက သတ်မှတ်ကာလ (    -    -၂၀၂၄)ရက်နေ့မှ (    -    -၂၀၂၄)ရက်နေ့ထက် ကျော်လွန်သည့်ရက်များအတွက် တစ်ရက်လျှင် ငွေကျပ်-၁၆၉,၂၉၅/- နှုန်းဖြင့် လုပ်ငန်းလက်ခံဆောင်ရွက်သူမှ လုပ်ငန်းအပ်နှံသူသို့ လုပ်ငန်းလက်ခံဆောင်ရွက်သူ၏ လုပ်ငန်းများအားလုံးပြီးစီး၍ လက်ရောက်အပ်နှံသည့်နေ့အထိ ပေးချေသွားရန် သဘောတူပါသည်။

(၅-စ) ရန်သူမျိုးငါးပါးနှင့် ရင်ဆိုင်ကြုံတွေ့ရ၍ လုပ်ငန်းအတွက် လိုအပ်သောပစ္စည်းများကို အချိန်မီမပေးပို့နိုင်ခြင်း၊ လုပ်ငန်းခွင်တွင် လုပ်ငန်းလုပ်ကိုင်၍ မရနိုင်သောအခြေအနေများရှိလာပါက မှန်ကန်မျှတမှုကိုအခြေခံ၍ နှစ်ဖက်ညှိနှိုင်းဆောင်ရွက်ကြရမည်။

(၅-ဆ) လုပ်ငန်းလက်ခံဆောင်ရွက်သူသည် အထက်အပိုဒ်(၁)ပါလုပ်ငန်းစဉ်များအားလုံးနှင့်ပတ်သက်၍ ဖြစ်ပေါ်လာသောကိစ္စအဝဝကို မိမိ၏ကုန်ကျစရိတ်ဖြင့် ပြီးဆုံးပြေလည်အောင် တာဝန်ယူဖြေရှင်းပေးရမည်။ အကယ်၍ မပြီးပြတ်ဘဲ လုပ်ငန်းအပ်နှံသူ၌ နစ်နာမှုများရှိလာပါက အဆိုပါနစ်နာမှုများအတွက် လုပ်ငန်းလက်ခံဆောင်ရွက်သူမှ လုပ်ငန်းအပ်နှံသူသို့ ပေးလျော်ရမည်။

(၅-ဇ) လုပ်ငန်းလက်ခံဆောင်ရွက်သူသည် မိမိလက်ခံထားသည့် အထက်အပိုဒ်(၁)ပါလုပ်ငန်းများကို လုပ်ငန်းအပ်နှံသူသို့ ပြန်လည်အပ်နှံပါက (သို့မဟုတ်) လုပ်ငန်းကို ဆက်လက်မလုပ်ဆောင်တော့ပါက လုပ်ငန်းအပ်နှံသူ၏ နစ်နာမှုအတွက် လုပ်ငန်းအပ်နှံသူထံမှ ရယူထားခဲ့သောငွေများ၏ (နှစ်ဆ)ဖြစ်သော ငွေကျပ်နှင့် နစ်နာကြေးငွေများကိုပါ လုပ်ငန်းလက်ခံဆောင်ရွက်သူမှ လုပ်ငန်းအပ်နှံသူသို့ ပေးလျော်ပါမည်ဟု ဝန်ခံကတိပြုပါသည်။

(၅-ဈ) လုပ်ငန်းခွင်အတွင်း လုပ်သားများ ထိခိုက်မှုအန္တရာယ်ရှိပါက လုပ်ငန်းလက်ခံဆောင်ရွက်သူမှ မိမိ၏စရိတ်ဖြင့် ပြီးဆုံးပြေလည်အောင် တာဝန်ယူဖြေရှင်းရမည်။

(၅-ည) လုပ်ငန်းလက်ခံဆောင်ရွက်သူသည် အထက်အပိုဒ်(၁)ပါလုပ်ငန်းများကို လုပ်ငန်းအပ်နှံသူသို့ လက်ရောက်ပေးအပ်သည့်နေ့မှစ၍ (တစ်)နှစ်တာကာလအတွင်း ပစ္စည်းတပ်ဆင်သည့်နေရာများနှင့် အဆိုပါ 105KW On Grid Solar System ချို့ယွင်းပျက်စီးမှုများရှိလာပါက လုပ်ငန်းလက်ခံဆောင်ရွက်သူမှ မိမိ၏ကုန်ကျစရိတ်ဖြင့် ကောင်းမွန်အောင် တာဝန်ယူအမြန်ဆုံးပြုပြင်ပေးပါမည်။

စာမျက်နှာ - ၄ - သို့

CamScanner






အထက်ပါစကားရပ်များကို လုပ်ငန်းအပ်နှံသူ(ပထမတစ်ဖက်) Winning Way Co., Ltd. (UMG Group of Companies)နှင့် လုပ်ငန်းလက်ခံဆောင်ရွက်သူ(ဒုတိယတစ်ဖက်) Maxtech Engineering Co., Ltd. တို့သည် သေချာစွာ ဖတ်ရှုသိရှိနားလည်သဘောပေါက်ကြပြီး မိမိတို့၏ လွတ်လပ်သော ပင်ကိုယ်စိတ်ဆန္ဒများနှင့်အညီ အောက်ပါအသိ သက်သေများတို့၏ရှေ့မှောက်တွင် ဤစာချုပ်ကို လက်မှတ်ရေးထိုးချုပ်ဆိုကြပါသည်။

| <u>လုပ်ငန်းအပ်နှံသူ(ပထမတစ်ဖက်)</u> | <u>လုပ်ငန်းလက်ခံဆောင်ရွက်သူ(ဒုတိယတစ်ဖက်)</u> |
|---|---|
| Winning Way Co., Ltd.<br>(UMG Group of Companies) (ကိုယ်စား)<br>ဦးဇော်မင်းမြတ်(၁၂/မရက(နိုင်)၁၁၄၄၁၁) | Maxtech Engineering Co., Ltd. (ကိုယ်စား)<br>ဦးရဲညွန့်(၁၂/သကတ(နိုင်)၀၇၉၄၅၄) |

<u>အသိသက်သေများ</u>

| | |
|---|---|
| လက်မှတ် - ---------- | လက်မှတ် - ---------- |
| အမည် - ---------- | အမည် - ---------- |
| မှတ်ပုံတင် - ---------- | မှတ်ပုံတင် - ---------- |
| နေရပ် - ---------- | နေရပ် - ---------- |
| - ---------- | - ---------- |

CS CamScanner